## ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ ပြီးမြောက်အောင်မြင်မှုအား ထုတ်ပြန်ခြင်း

ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှု ထပ်မံပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက်မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက် နှင့် ဒီဇင်ဘာလ (၁)ရက်နေ့ ရက်စွဲတို့ဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်များအားရည်ညွှန်း၍ ဆက်လက်ထုတ်ပြန်ခြင်း ဖြစ်ပါသည်။ ယင်းကြေညာချက်များ၏ နောက်ဆက်တွဲအဖြစ် ယခုကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်ပြီး ယခုကြေညာချက်ပါ စကားရပ်များသည် ယခင်ကြေညာချက်ပါစကားရပ်များ အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

**ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်နှီးမြှုပ်နှံမှုပြင်ဆင်ဖွဲ့စည်းမှု အောင်မြင်ပြီးစီးခြင်း လက်ရှိအခြေအနေ**

FMI ကုမ္ပဏီဒါရိုက်တာအဖွဲ့သည် ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ဖွဲ့စည်းခြင်းအရ MM Myanmar Pte. Ltd. တွင် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီပိုင်အစုရှယ်ယာ ၁၅.၈% ကို လွှဲပြောင်းသည့်ကိစ္စသည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါ ရှယ်ယာလွှဲပြောင်းပြီးချိန်တွင် FMI ကုမ္ပဏီအနေနှင့် SHC ကုမ္ပဏီမှ အစုရှယ်ယာတစ်စုလျှင် တန်ဖိုးငွေ စင်္ကာပူဒေါ်လာ (၀.၂၆၃)ဖြင့် တန်ဖိုးသင့် ပေးချေသော သာမန်အစုရှယ်ယာ ၄၁,၉၄၇,၄၂၆ အား ရရှိပိုင်ဆိုင်ခဲ့ရာ ယင်းကုမ္ပဏီ၏ အစုရှယ်ယာ ၁၃.၆% ကို FMI ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်လာခဲ့ ပါသည်။ အဆိုပါ အစုရှယ်ယာများသည် စင်္ကာပူစတော့အိတ်ချိန်း (SGX) ၏ Catalist Board တွင် စာရင်း ဝင်ခဲ့ပြီး ဖြစ်ပါသည်။

**"MEMORIES GROUP LIMITED" သို့ အမည်ပြောင်းလဲခြင်း**

အထက်ပါ လွှဲပြောင်းမှုပြီးစီးပြီးနောက် SHC ကုမ္ပဏီ၏ အမည်ကို "SHC Capital Asia Limited" မှ "Memories Group Limited" သို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့မှစ၍ ပြောင်းလဲခဲ့ပြီး ဖြစ်ပါသည်။ စင်္ကာပူစတော့အိတ်ချိန်းတွင် "SHC Capital Asia" အမည်ဖြင့် ရှယ်ယာအရောင်းအဝယ်ပြုရာမှ "Memories" အမည်သို့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ နံနက် (၉)နာရီမှစတင်ကာ ပြောင်းလဲမည် ဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ**

FMI ကုမ္ပဏီသည် Memories Group Limited တွင် အစုရှယ်ယာ ၁၃.၆% ရင်းနှီးမြှုပ်နှံရန်အတွက် MM Myanmar Pte. Ltd. တွင် ရှိသော ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုများနှင့် လဲလှယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ ဖလှယ်ခြင်းသည် ငွေသားပေးချေဖလှယ်ခြင်း မဟုတ်သော်လည်း ကုမ္ပဏီအနေနှင့် ဤအရောင်းအဝယ်နှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များကို အချိုးကျ ကျခံရန် ရှိပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

## COMPLETION OF THE RESTRUCTURING OF THE GROUP'S TOURISM INVESTMENTS

*Reference is made to the announcements of First Myanmar Investment Company Limited (the "**Company**") dated 24 October 2016, 17 August 2017, and 1 December 2017 in relation to the Further Restructuring of the Group's Tourism Assets (collectively, the "**Announcements**"). Unless otherwise defined, capitalized terms used herein shall bear the meanings ascribed to them in the Company's Announcements.*

### COMPLETION AND UPDATE TO THE GROUP STRUCTURE

The Board of Directors wishes to announce that the Company has on 26 December 2017 successfully completed transfer of its entire 15.8% interest in MM Myanmar Pte. Ltd., pursuant to its restructuring of the tourism businesses. The Company has been allotted and issued 41,947,426 Consideration Shares, comprising 13.6% of the enlarged issued and paid-up share capital of SHC Capital Asia Limited ("**SHC**") upon completion, at S$0.263 per new Consideration Share. The Consideration Shares are listed and quoted on the Catalist Board of the Singapore Exchange Securities Trading Limited.

### CHANGE OF NAME TO "MEMORIES GROUP LIMITED"

Following completion of the Proposed Sale, SHC's name has been changed from "SHC Capital Asia Limited" to "Memories Group Limited" with effect from 26 December 2017. The change of SHC's trading counter name on the Singapore Exchange Securities Trading Limited from "SHC Capital Asia" to "Memories" is expected to take effect at 9.00 a.m. on 5 January 2018.

### FINANCIAL EFFECTS

The Company has exchanged its existing interests in MM Myanmar Pte. Ltd. for a 13.6% equity stake in Memories Group Limited. Although this is a non-cash transaction, the Company is liable for its pro-rata share of the transaction costs.

By Order of the Board
Tun Tun
Executive Director
27 December 2017


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm